EMReF Enlightened Myanmar Research Foundation ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၂)၊ အမှတ်-၆၆

အောက်တိုဘာ ၃၀ ရက်၊ ၂၀၁၈

## ၂၀၁၈-၁၉ ဘဏ္ဍာနှစ် ဘတ်ဂျက်ခွဲဝေသုံးစွဲမှုအခြေအနေကို မွန်ပြည်နယ်အစိုးရ ရှင်းပြ

**အောက်တိုဘာ ၂၃၊၂၀၁၈**

မွန်ပြည်နယ်၏ ၂၀၁၈-၁၉ ဘဏ္ဍာနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း ဆိုင်ရာ အချက်အလက်များကို မွန်ပြည်နယ်အစိုးရက အောက်တိုဘာ ၂၂ ရက်တွင် ပြည်နယ်ခန်းမ၌ ဌာနဆိုင်ရာများနှင့် ပြည်သူများအား ရှင်းလင်းတင်ပြသည်။

ပြည်နယ်အစိုးရအဖွဲ့သည် ဘဏ္ဍာငွေစီမံခန့်ခွဲရာတွင် ပြည်နယ် အတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက် ရန်၊ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ ပြည်သူလူထု လိုအပ် ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် ပြည်နယ်ဖွံ့ဖြိုးတိုး တက်ရေး ဘဏ္ဍာငွေများကို စနစ်တကျ ခွဲဝေသုံးစွဲနေကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ဆိုသည်။

မွန်ပြည်နယ်၏ ၂၀၁၈-၁၉ ဘဏ္ဍာနှစ် စုစုပေါင်းရငွေ ခန့်မှန်းခြေ သည် ကျပ် ၂၄ ဒသမ ၂၉၃ ဘီလီယံရှိပြီး စုစုပေါင်းအသုံးစရိတ် ခန့်မှန်းခြေသည် ကျပ် ၁၀၃ ဒသမ ၉၇၃ ဘီလီယံရှိသည်။

မွန်ပြည်နယ်အစိုးရအနေဖြင့် ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ဦးစား ပေးလုပ်ငန်း ၁၉ ခု ချမှတ်ထားပြီး ယင်းလုပ်ငန်းများတွင် လမ်းပန်း ဆက်သွယ်မှု ကောင်းမွန်စေရေး၊ လျှပ်စစ်မီးရရှိရေး၊ မြို့ပြနှင့်ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စသည်တို့ပါဝင်သည်။

မွန်ပြည်နယ်အစိုးရ၏ ရှင်းပြမှုအပေါ် တက်ရောက်လာသူ များက အခွန်နှင့်ပတ်သက်၍ အကြံပြုပြီး အခွန်ကိုစနစ်တကျနှင့် အောက်ခြေ အဆင့်အထိသိနိုင်ရန် ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းကောက်ခံသင့် ကြောင်း ဆွေးနွေးအကြံပြုသည်။

ရသုံးခန့်မှန်းခြေငွေစာရင်းနှင့်ပတ်သက်ပြီး မရှင်းလင်းသည့် အချက်များရှိလျှင် ပြည်နယ်အစိုးရအဖွဲ့နှင့် မွန်ပြည်နယ်ရသုံးမှန်းခြေ ဦးစီးဌာနသို့ လာရောက်မေးမြန်းနိုင်ကြောင်း စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးဝဏ္ဏကျော်ကဆို သည်။ **(ကိုးကား-http://www.7daydaily.com)**

## ကချင်ပြည်နယ်လွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် လူထုတွေ့ဆုံပွဲပြုလုပ်



ဓာတ်ပုံ- ဦးချန်တန်ခင်ဖေ့စ်ဘွတ်ခ်

**ဩဂုတ် ၁၀၊၂၀၁၈**

ဒုတိယအကြိမ်ကချင်ပြည်နယ်လွှတ်တော်မှ ပြဋ္ဌာန်းပြီးသော ဥပဒေများ အသက်ဝင်စေရန်၊ အများပြည်သူသိရှိနားလည်လိုက် နာစေရန်နှင့် အခြေခံဥပဒေဇယား(၂)ပါ ပြည်နယ်ဥပဒေပြုပိုင်ခွင့် များကို ကချင်ပြည်နယ်လွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ မှဦးဆောင်၍ အများပြည်သူအား ချပြရှင်းလင်းခဲ့သည်။

အဆိုပါကော်မတီနှင့် လူထုတွေ့ဆုံပွဲကို မြစ်ကြီးနားမြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ နမ္မတီးမြို့နယ်၊ မိုးကောင်းမြို့နယ်တို့တွင် ၂၀၁၈ ခုနှစ် ဩဂုတ် ၁ မှ ၁၀ ရက်ထိ (၈) ရက် ကြာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

တွေ့ဆုံပွဲသို့တက်ရောက်လာသူများအား ဥပဒေစာအုပ်များ ဖြန့်ဝေခြင်းနှင့် ဥပဒေပြုရေးလုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာ ကဏ္ဍအသီးသီးတာဝန်ရှိသူများ၊ ပြည်သူများ အချိန်ယူပါဝင်ဆွေး နွေးသင့်ကြောင်း ကော်မတီဥက္ကဋ္ဌမှ ရှင်းလင်းတင်ပြခဲ့သည်ဟု သိရသည်။

**ကိုးကား- ဦးချန်တန်ခင်ဖေ့စ်ဘွတ်ခ် (ကချင်ပြည်နယ်လွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ)**

## စာရင်းစစ်အဖွဲ့ရဲ့ အစီရင်ခံစာနဲ့ မေးခွန်းထုတ်ရတော့မယ့်

# ရန်ကုန်အစိုးရအဖွဲ့ရဲ့ ပြည်သူ့ဘဏ္ဍာရှင်းတမ်း (ဒုတိယပိုင်း)

*(ယခင်အပတ်မှအဆက်)*

အခြားဆောင်ရွက်ခဲ့သည့် ကျောင်းကားလုပ်ငန်းအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ယခင် မ.ထ.သ စနစ်မှ လွှဲပြောင်းရယူခဲ့သည့် ငွေကြေးများအနက်မှ ကျပ်ငါးဘီလျံဖြင့် ကျောင်းကားများကို ဝယ်ယူခဲ့သည်။

သို့သော် လောက်ငမှုမရှိဟုဆိုကာ ကမ္ဘောဇဘဏ်မှ ကျပ် ၅ ဒသမ ၅ ဘီလျံကို ထပ်မံချေးယူခဲ့သည်။ ကျောင်းကားများကို ကိုရီးယားနိုင်ငံ ဟွန်ဒိုင်းကုမ္ပဏီထံမှ အစီးရေ ၂၀၀ ဝယ်ယူခဲ့သည်။ တစ်စီးလျှင် အမေရိကန်ဒေါ်လာ ၃၆,၈၄၀ ကုန်ကျသည်။

သို့သော် ဝယ်ယူထားသည့် ကျောင်းကားအစီး ၂၀၀ တွင် ၅၆ စီးသာ ကျောင်းနှစ်ကျောင်းတွင် ပြေးဆွဲနိုင်ခဲ့ပြီး ကျန်ရှိသည့် ကျောင်းကားများမှာ လွှတ်တော်ဝင်းအတွင်း ရပ်နားထားရသည်။

အဆိုပါ YBS ယာဉ်များ ဝယ်ယူရန်နှင့် ကျောင်းကားများဝယ်ယူရန် လိုအပ်သည့်ငွေကြေးများကို ပုဂ္ဂလိကဘဏ်နှစ်ဘဏ်မှ ချေးယူခဲ့ရာတွင် လူတစ်ဦးတစ်ယောက်က ချေးယူထားကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ပြောကြားသည်။

အစိုးရအဖွဲ့က လိုအပ်သည့်ငွေကြေးအား လွှတ်တော်သို့ အသိပေးခြင်းမရှိဘဲ မိမိသဘောဖြင့် မိမိချေးယူခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအား ချိုးဖောက်ရာရောက်ကြောင်း နိုင်ငံရေးလေ့လာသူများနှင့် လွှတ်တော်ကိုယ်စားလှယ်များက ဆိုသည်။

လွှတ်တော်တွင် ဝန်ကြီးဒေါ်နီလာကျော်က ဖြေဆိုရာတွင် ချေးငွေကိစ္စနှင့်ပတ်သက်ပြီး တိတိကျကျ မသိသေးကြောင်း၊ ဘဏ္ဍာရေးတာဝန်ခံကို မေးမြန်းမှသာ ဖြေကြားနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရတက်ပြီး မကြာမီတွင် ရန်ကုန်ကမ်းနားညစျေးအား ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် စျေးသည်ပေါင်း ၁၆၀၀ ကျော်ဖြင့် စတင်ဖွင့်လှစ်ခဲ့သည်။ ရန်ကုန်မြို့လသာလမ်းရှိ လမ်းဘေးစျေးသည်များနှင့် ဆူးလေပတ်ဝန်းကျင်ရှိ လမ်းဘေးစျေးသည်များအတွက် ရည်ရွယ်လုပ်ဆောင်ခဲ့ပြီး ကျပ်သိန်းပေါင်း ၁၈,၀၀၀ ကျော် သုံးစွဲခဲ့သည်။

သို့သော် ညစျေးအကောင်အထည်ဖော်ရာတွင် ကုန်ကျငွေများကို အသေးစိတ်တင်ပြထားခြင်း မဟုတ်ဘဲ ငွေလုံးငွေရင်း ကုန်ကျငွေများကိုသာ ဖော်ပြထားခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အောင်မြင်မှုမရှိသေးသည့် စီမံကိန်းတစ်ခုတွင် အပါအဝင်ဖြစ်သည့် ရန်ကုန်ညစျေးတန်းကြောင့် ပြည်သူ့ဘဏ္ဍာငွေများ အလဟဿ ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

"ရန်ကုန်ညစျေးစီမံချက်မှာ ကျပ်သိန်းပေါင်း ၁၈,၀၀၀ သုံးစွဲထားတာတွေ့ရသော်လည်း မြေပြင်ကွင်းဆင်းကြည့်တဲ့အခါမှာ ဘာကြောင့်ဒီလောက်ငွေကြေးတွေကုန်သွားရကြောင်း ဆက်စပ်လို့မရအောင်ဖြစ်ရပါတယ်။ ယင်းအတွက် ကုန်ကျစရိတ် ကျပ်သိန်း ၁၈,၀၀၀ ကျော်ရဲ့ အသေးစိတ်စာရင်းကို မြို့တော်စည်ပင်တာဝန်ရှိသူများက လွှတ်တော်ကို အမြန်ဆုံးရှင်းလင်းတင်ပြပေးရန် လွှတ်တော်မှ တောင်းဆိုပါတယ်"ဟု မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်းက ဆိုသည်။

### တိုးကောက်ထားတဲ့အခွန်၊ ၁၃၄ ဘီလျံနဲ့ အကြွေးတင်နေတဲ့ ရန်ကုန်အစိုးရရဲ့ စီးပွားရေး

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီးပွားရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရန်အတွက် ကျပ် ၁၃၄ ဘီလျံကို သုံးစွဲထားသည်။

ထို့ပြင် YBS ယာဉ်ဝယ်ယူရာတွင် ငွေကြေးလုံလောက်မှု မရှိသဖြင့် ရောဝတီဘဏ်မှ ချေးယူထားသည့် ကျပ် ရှစ်ဘီလျံနှင့် ကျောင်းကားများဝယ်ယူရန် ကမ္ဘောဇဘဏ်မှ ချေးယူထားသည့် ကျပ်သန်း ၅၅၀၀ နှင့် ပေါင်းလိုက်မည်ဆိုပါက ရန်ကုန်တိုင်းအစိုးရအဖွဲ့၏ စီးပွားရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံထားမှုမှာ ကျပ်ဘီလျံ ၂၀၀ ကျော် ရှိလာပြီဖြစ်သည်။

ယင်းတို့အနက် ဘဏ်များမှချေးယူထားသည့် ငွေများသာမက ရင်းနှီးမြှုပ်နှံထားသည့်ကျပ် ၁၃၄ ဘီလျံမှာတိုင်းဒေသကြီးလွှတ်တော်သို့ ပွင့်လင်းမြင်သာစွာချပြထားခြင်း မရှိသည့် ငွေကြေးများဖြစ်သည်။

ယခုထွက်ရှိလာသည့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်၏ အစီရင်ခံစာမှာလည်း အသေးစိတ်စစ်ဆေးနိုင်ခြင်းမရှိသေးသည့် အစီရင်ခံစာဖြစ်သည်။

အကြောင်းမှာ ကုမ္ပဏီပုံစံဖွဲ့စည်းထားခြင်းဖြစ်သဖြင့် ပြင်ပစာရင်းစစ်အနေဖြင့်သာ စစ်ဆေးထားခြင်းဖြစ်ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေနှင့်အညီ တာဝန်ပေးအပ်လာပါက ပြန်လည်စစ်ဆေးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စာရင်းစစ်ချုပ် ဒေါ်ခင်သန်းလှက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တွင် ပြောကြားထားသည်။

လက်ရှိထက် ပိုမိုတိကျသည့် စာရင်းများကိုရရှိလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များက တိုင်းဒေသကြီးစာရင်းစစ်ချုပ်အား တာဝန်ပေးအပ်ရန် လိုအပ်သည်။

ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများကိုကျော်လွှန်ကာ လူပုဂ္ဂိုလ်အရ ချေးယူထားသည့် ငွေကြေးများအား ပြန်လည်ပေးဆပ်ရန် လွှတ်တော်တွင် တာဝန်မရှိကြောင်း လွှတ်တော်ကိုယ်စားလှယ်များက စာရင်းစစ်ချုပ်အစီရင်ခံစာဆွေးနွေးမှုတွင် ပြောကြားထားကြသည်။

ယင်းကြောင့် ပြည်သူများထံမှရရှိသည့် အခွန်ငွေကြေးများကို ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးမပြုဘဲ ချေးငွေပေးဆပ်ခြင်းများတွင် အသုံးမပြုနိုင်စေရန် စောင့်ကြည့်ရမည်ဖြစ်သည်။

*(ဆက်လက်ဖော်ပြပါမည်။)*

**ကိုးကား:- အောက်တိုဘာ ၈ ရက်နေ့ Weekly Eleven News, No. 50, Vol 13 ပါ ဇော်မင်းနိုင်၏ "စာရင်းစစ်အဖွဲ့ရဲ့ အစီရင်ခံစာနဲ့ မေးခွန်းထုတ် ရတော့မယ့် ရန်ကုန်အစိုးရအဖွဲ့ရဲ့ ပြည်သူ့ဘဏ္ဍာရှင်းတမ်း" သတင်း ဆောင်းပါးမှ ကောက်နုတ်ဖော်ပြသည်။**

# တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာ အချက်အလက်ကို ကြည့်ရှုလိုသူအား ပြသရန် ညွှန်ကြားမည်

**အောက်တိုဘာ ၄၊ ၂၀၁၈**

လမ်း၊ တံတား၊ စာသင်ကျောင်းအစရှိသည့် အများနှင့် သက်ဆိုင်သော အဆောက်အအုံများ တည်ဆောက်ရေး လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များကို လွှတ်တော်ကိုယ်စားလှယ်များ၊ သတင်းမီဒီယာများအပါအဝင် မည်သူမဆိုကြည့်ရှုလိုပါက ပြသပေးရန် တင်ဒါအောင်မြင်သည့်ကုမ္ပဏီနှင့် သက်ဆိုင်ရာဌာနများသို့ ညွှန်ကြားချက် ထုတ်ပြန်မည်ဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးကြည်လှိုင်က ပြောကြားသည်။ စက်တင်ဘာလ ၂၄ ရက်တွင် ကျင်းပသည့် တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးတွင် ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

တိုင်းအတွင်း ဆောင်ရွက်နေသည့် တည်ဆောက်ရေး လုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများ၏ အမျိုးအစား အမည်နှင့် အရည်အသွေးအတန်းအစား သတ်မှတ်ချက်များကို လုပ်ငန်းအပ်နှံစာချုပ်တွင် ထည့်သွင်းချုပ်ဆိုရန်လည်း ညွှန်ကြားသွားမည်ဟု ဝန်ကြီးဦးကြည်လှိုင်က ပြောသည်။

ယင်းသို့ ညွှန်ကြားချက်ထုတ်ပြန်ပါက အများနှင့် သက်ဆိုင်သည့် တည်ဆောက်ရေးလုပ်ငန်းတွင် အသုံးပြုမည့် ဘိလပ်မြေ၊ သွပ် စသည့်ပစ္စည်းများ၏ တံဆိပ် အတိအကျ၊ သစ်၊ ကျောက် အမျိုးအစား အတိအကျ စသည်တို့နှင့် လမ်း၊ တံတားဆောက်က လမ်းလွှဲဆောက်ပေးရန် တာဝန်ရှိ/မရှိ၊ သံချောင်း၊ ဘိလပ်မြေ မည်မျှသုံးရမည် စသည့်အချက်အလက်များကို မည်သူမဆို တောင်းယူကြည့်ရှုခွင့်ရတော့မည် ဖြစ်သည်။

လက်ရှိမြေပြင်အခြေအနေတွင် လွှတ်တော်ကိုယ်စားလှယ်များပင် လုပ်ငန်းပြီးမြောက်ခါနီး/လုပ်ငန်းပြီးမှ အထက်ပါအချက်အလက်များ သိခွင့်ရကြောင်း၊ ကိုယ်စားလှယ်များ၊ ရပ်ကွက်/ကျေးရွာတာဝန်ရှိသူများက တောင်းယူလျှင် လုပ်ငန်းလုပ်ကိုင်နေသည့် ကုမ္ပဏီများက အကြောင်းအမျိုးမျိုးပြကာ အချိန်ဆွဲထားသဖြင့် စောင့်ကြည့်စစ်ဆေးကြပ်မတ်ရာတွင် အရာမထင်ဖြစ်နေကြောင်း လွှတ်တော်ကိုယ်စားလှယ်တို့က လွှတ်တော်တွင် ဆွေးနွေးခဲ့သည်။

"အတိအကျမသိရှိရခြင်းကြောင့် အကြောင်းမဲ့ ဟန်ပြလိုက်လံကြပ်မတ်ရတဲ့သဘောမျိုး ဖြစ်နေတယ်"ဟု လောင်းလုံးမဲဆန္ဒနယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမိုလ်ထွေးက ပြောသည်။

**(ကိုးကား-www.daweiwatch.com)**

# ဌာနအချင်းချင်း ချိတ်ဆက်လုပ်ကိုင်မှုအားနည်း၍ နိုင်ငံ့ဘဏ္ဍာများဆုံးရှုံးနေဟု လွှတ်တော်အမတ် ပြော

**အောက်တိုဘာ ၁၁၊ ၂၀၁၈**

အစိုးရဌာနဆိုင်ရာအချင်းချင်း ချိတ်ဆက်လုပ်ကိုင်မှု အားနည်းသဖြင့် နိုင်ငံ့ဘဏ္ဍာများ ဆုံးရှုံးနေရကြောင်း မကွေးတိုင်း ကံမမြို့နယ် တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းက တိုင်းလွှတ်တော်အစည်းအဝေးတွင် ပြောကြားသည်။

အောက်တိုဘာ ၁၀ ရက် တိုင်းလွှတ်တော်အစည်းအဝေးတွင် တိုင်းအတွင်း လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ရာ၌ ဌာန၊ အဖွဲ့အစည်းများအကြား ချိတ်ဆက်ဆောင်ရွက်မှု အားနည်းနေခြင်းကို တိုင်းအစိုးရ အနေဖြင့် တွန်းအားပေးဆောင်ရွက်ရန်ရှိ၊ မရှိမေးမြန်းရာတွင် ယင်းသို့ ပြောခဲ့ခြင်းဖြစ်သည်။

"ဥပမာအနေနဲ့ သစ်တော ဌာနက လမ်းဘေးမှာသစ်ပင်တွေ စိုက်တယ်။ လမ်းဌာနနဲ့ချိတ်ဆက် ဆောင်ရွက်မှုမရှိတော့ လမ်းနယ်ထဲမှာဖြစ်တဲ့အတွက် လမ်းချဲ့တဲ့အခါ လမ်းဌာနက အဲဒီသစ်ပင်ကို ခုတ်ပစ်တယ်။ နိုင်ငံ့ဘဏ္ဍာငွေထဲ စိုက်ပျိုးခ၊ ခုတ်ခစသဖြင့် အများကြီးဆုံးရှုံးရတယ်"ဟု ဦးဇော်ဝင်းက လွှတ်တော်သို့ တင်ပြသည်။

ယင်းအပြင် လမ်းတစ်ခုတည်းကို အပိုင်းခွဲဆောင်ရွက်ရသည့် ဆောက်လုပ်ရေးဌာနအချင်းချင်းပင် ချိတ်ဆက်ဆောင်ရွက်မှုအားနည်းသဖြင့် ယင်းဌာနနှစ်ခုဆုံရာလမ်းနေရာတွင် အနိမ့်အမြင့်မညီညွတ်ခြင်းများ၊ ချောမွေ့ပြေပြစ်မှုမတူညီခြင်းများ တွေ့ရှိနေရကြောင်း လွှတ်တော်ကိုယ်စားလှယ်က ထောက်ပြသည်။

ထို့အပြင် အစိုးရဌာနဆိုင်ရာများအနေဖြင့် ဌာနစီမံကိန်းများ ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုမရှိခြင်း၊ အခြားဌာနများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဆွေးနွေးညှိနှိုင်းမှုမရှိဘဲ ဌာနသဘောထားတစ်ခုတည်းဖြင့်သာ ဆောင်ရွက်မှုများရှိကြောင်း ဆိုသည်။

အထက်ပါကိစ္စနှင့်ပတ်သက်၍ မကွေးတိုင်းစီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဦးဇော်မင်းက တိုင်းအစိုးရအဖွဲ့အနေဖြင့် သက်ဆိုင်ရာကဏ္ဍအသီးသီး၌ ကော်မတီများဖွဲ့စည်းရာတွင် ဌာနဆိုင်ရာများ ထည့်သွင်းဖွဲ့စည်းပေးထားပြီး အပတ်စဉ်(သို့မဟုတ်) လစဉ်ညှိနှိုင်းဆွေးနွေးပွဲများ ဆောင်ရွက်စေကြောင်း ဖြေကြားသည်။

ထို့အပြင် မြို့နယ်များတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်ကာ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာဦးစီးမှူးများနှင့် တစ်လလျှင် နှစ်ကြိမ်တွေ့ဆုံဆွေးနွေးရန် ညွှန်ကြားထားပြီး လာမည့်နိုဝင်ဘာနှင့် ဒီဇင်ဘာတွင် သုံးကြိမ်အထိ တွေ့ဆုံဆွေးနွေးရန် ညွှန်ကြားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဌာနဆိုင်ရာအလိုက် စီမံကိန်းများ ရေးဆွဲဆောင်ရွက်ရာတွင် ပြည်သူလူထုပါဝင်သိရှိနိုင်မှု အားနည်းသည်မှာ မှန်ကန်ကြောင်း ဝန်ကြီးက ပြောကြားကာ ယင်းကဲ့သို့ထပ်မံမဖြစ်စေရန် နောင်လာမည့်စီမံကိန်းရေးဆွဲရန် ဆွေးနွေးမှုများတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဘတ်ဂျက်သုံးဌာနများဖြစ်သည့် ပညာရေး၊ကျန်းမာရေးနှင့်ဆည်မြောင်းဌာနတို့ပါ တက်ရောက်ဆွေးနွေးရန် ညွှန်ကြားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**(ကိုးကား-http://www.7daydaily.com)**